## Message Four

# ဘုရားသခင့်ပရောဖက်များ၏ ဘုရားဆိုင်ရာခွန်အားပေးခြင်းမှတစ်ဆင့် ဘုရားသခင်၏အိမ်တော်ကို တည်ဆောက်ခြင်းအား ပြန်လည်ရယူခြင်း

ဖတ်ရန်ကျမ်း။ ။ ဧဇ၊၅း၁-၂။ ဟဂ္ဂဲ၊၁း၂-၅၊ ၇-၈၊ ၉ခ၊ ၁၄။ ၂း၆-၇၊ ၉က၊ ၂၃။ ဇာ၊၃း၉။ ၄း၂-၇၊ ၁၁-၁၄

**I. ဘုရားသခင်၏အိမ်တော်အဖြစ် ပြန်လည်ရယူသော ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ခြင်း၌ ယောရှု (ယဇ်ပုရောဟိတ်အရာကို ကိုယ်စားပြုခြင်း) နှင့် ဇေရုဗဗေလ (ရှင်ဘုရင်အရာကို ကိုယ်စားပြုခြင်း) နှစ်ဦးလုံးမှာ တစ်စုံတစ်ရာ အားနည်းလာ၍ စိတ်ပျက်လာခဲ့ကြသည်။ ထို့ကြောင့် ဘုရားသခင်က ပရောဖက် ဟဂ္ဂဲနှင့် ပရောဖက်ဇာခရိတို့ကို အသုံးပြုကာ၊ ယောရှုနှင့် ဇေရုဗဗေလကို ခွန်အားခိုင်ခံ့စေရန်၊ ကူညီပေးရန်၊ ခွန်အားပေးရန်အလို့ငှာ ကိုယ်တော်အဖို့ စကားပြောစေခဲ့သည် - ဧဇ၊၅း၁-၂။ ညွှန်း၊ ၁ကော၊၁၄း၃။**

**II. ဟဂ္ဂဲ၏ ပရောဖက်ပြုချက် အလယ်ဗဟိုစဉ်းစားချက်မှာ ဘုရားသခင်၏အိမ်တော်၊ ဘုရားသခင်၏ဗိမာန်တော် တည်ဆောက်ခြင်းသည် ယနေ့ ဘုရားသခင့်လူမျိုးတော်၏ ကောင်းကျိုးချမ်းသာနှင့် ဆက်နွှယ်နေပြီး၊ ပြန်လည်ထူထောင်ခြင်းခေတ်၌ ၎င်း၏ မေရှိယနှင့်အတူ မိလေနီနိုင်ငံတော်ရောက်လာခြင်းနှင့် ဆက်နွှယ်နေခြင်းဖြစ်သည် - ဟဂ္ဂဲ၊၁း၂-၅၊ ၇-၈၊ ၉ခ၊ ၁၄။ ၂း၆-၉၊ ၂၀-၂၃။ မ၊ ၁၉း၂၈။ တ၊၃း၂၀-၂၁။**

A. ဓမ္မဟောင်းကျမ်း၌ ယေဟောဝါ၏အိမ်တော် သို့မဟုတ် ဗိမာန်တော်သည် ရှေ့ဦးစွာ တစ်ဦးချင်းဆိုင်ရာ ဘုရားသခင်၏အိမ်တော်အဖြစ် ခရစ်တော်ကို ပုံဆောင်ပြီး၊ ထိုနောက် စုပေါင်းခြင်းဆိုင်ရာ ဘုရားသခင်၏အိမ်တော်အဖြစ် အသင်းတော်၊ ကိုယ်ခန္ဓာတော်၊ ကြီးမားကျယ်ပြန့်သောခရစ်တော်ကို ပုံဆောင်သည် - ယော၊၂း၁၉-၂၁။ ၁တိ၊၃း၁၅။

B. ယေဟောဝါ၏အိမ်တော်သည် အသင်းတော်၏ပုံဆောင်ချက်ဖြစ်သောကြောင့် ဟဂ္ဂဲ၏ ပရောဖက်ပြုချက်သည် ဓမ္မသစ် ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့ကို ရည်ညွှန်းခြင်းဖြစ်သည်၊ ကျွန်ုပ်တို့သည် ပုံဆောင်ချက်၏ စစ်မှန်ခြင်းဖြစ်သည်။

C. ဟဂ္ဂဲက မြို့ဝန်ဇေရုဗဗေလနှင့် ယဇ်ပုရောဟိတ်မင်းကြီး ယောရှုတို့ထံ စကားပြောခြင်းမှာ သူတို့နှင့် လူများကို ဘုရားသခင်၏အိမ်တော်အဖြစ် ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ခြင်းအတွက် ခွန်အားခိုင်ခံ့စေရန်နှင့် အားပေးရန်ဖြစ်သည် - ဧဇ၊၅း၁။ ဟဂ္ဂဲ၊၁း၁။

D. ကိုယ်ကျိုးရှာသော၊ ဘုရားသခင်ကိုငြင်းပယ်ကြသော ပြန်လာသည့်ဖမ်းဆီးသိမ်းသွားခံရသူများသည် မိမိတို့၏အိမ်များကိုသာ ဂရုစိုက်ပြီး၊ ဘုရားသခင်၏အိမ်တော်ကို ဂရုမစိုက်ကြပေ (အငယ်၊၄)။ အပိုဒ်ငယ် ၉ ရှိ *ပြေး* ဟူသောစကားလုံးမှာ လူများသည် မိမိတို့ကိုယ်ပိုင်အိမ်များအတွက် အလုပ်များနေကြကြောင်း ညွှန်ပြနေသည်။

E. ဟဂ္ဂဲ ၁း၆ တွင် ကျွန်ုပ်တို့သည် အသင်းတော်ကို ငြင်းပယ်မည်ဆိုလျှင် ကျွန်ုပ်တို့၌ စစ်မှန်သော မွေ့လျော်ဝမ်းမြောက်မှု သို့မဟုတ် ကျေနပ်နှစ်သိမ့်မှု မရှိကြောင်း ညွှန်ပြနေသည်။ ဘုရားသခင်၏အိမ်တော်ကို တည်ဆောက်ခြင်းအား ပြန်လည်ရယူခြင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့သည် ကြားနေဖြစ်၍ မရပါ။ ကျွန်ုပ်တို့သည် အကြွင်းမဲ့ဖြစ်ရမည်၊ ကျွန်ုပ်တို့၏အိမ်ကို ရှေ့ဦးစွာ ဂရုစိုက်ခြင်း သို့မဟုတ် သခင်ဘုရား၏အိမ်တော်ကို ရှေ့ဦးစွာ ဂရုစိုက်ခြင်း တစ်ခုခု ရှိရမည်ဖြစ်သည် - မ၊၆း၃၃။ လု၊၉း၅၇-၆၂။ ဖိ၊၂း၂၀-၂၁။

F. ဘုရားသခင်၏အိမ်တော်ကို တည်ဆောက်ခြင်းအား ပြန်လည်ရယူခြင်းအတွက် ဘုရားသခင်၏ရွေးချယ်ခံများသည် သူတို့၏ဝိညာဉ်၌ နိုးကြားလာကာ၊ ယေဟောဝါ၏အိမ်တော်သို့လာ၍ အလုပ်လုပ်ကြသည်။ သခင်ဘုရား၏မိန့်မှာချက်ကို ကျွန်ုပ်တို့တုန့်ပြန်ခြင်း၌ ကျွန်ုပ်တို့အားလုံးသည် ဧဝံဂေလိဟောပြောခြင်း၊ ယုံကြည်သူအသစ်များကို ကျွေးမွေးခြင်းနှင့် သခင်ဘုရား၏အိမ်တော်၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် အခြားသူများကို ဂရုစိုက်ခြင်းအလုပ်၌ သခင်ယေရှုအားဖြင့် လွှမ်းမိုးသိမ်းပိုက်ခံရမည်ဖြစ်သည် - ဟဂ္ဂဲ၊၁း၁၄။ ၂း၇က။ ယော၊၂၁း၁၅-၁၇။

G. "လူမျိုးအပေါင်းတို့ကိုလည်း ငါလှုပ်ဦးမည်။ လူမျိုးအပေါင်းတို့ လိုလားတောင့်တရာသည် ရောက်၍" - ဟဂ္ဂဲ၊၂း၇က။

1. ဤသည်မှာ လူမျိုးအပေါင်းတို့၏ လိုလားတောင့်တရာဖြစ်သည့် ခရစ်တော်ကို ရည်ညွှန်းသည်။ တိုင်းနိုင်ငံလူမျိုးများသည် ခရစ်တော်ကို မသိကြသော်လည်း၊ သူတို့သည် ခရစ်တော်ကို လိုလားတောင့်တနေဆဲဖြစ်သည်။ လူမျိုးအပေါင်းတို့သည် အလင်း၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ဖြောင့်မတ်ခြင်းစသည့် အရာများကို တောင့်တနေပြီး၊ ယင်းတို့၏စစ်မှန်ခြင်းမှာ ခရစ်တော်ဖြစ်သည်၊ ယင်းမှာ သူတို့သည် သတိမမူမိဘဲ ခရစ်တော်ကို လိုလားတောင့်တနေကြကြောင်း ဆိုလိုခြင်းဖြစ်သည် - မာလ၊၃း၁ခ။
2. လူမျိုးအပေါင်းတို့၏တောင့်တရာအဖြစ် ခရစ်တော်၏ကြွလာခြင်းသည် ဘုရားသခင်၏လူများ ဗာဗုလုန်၌ ဖမ်းဆီးသိမ်းသွားခံရာမှ ပြန်လာခြင်းနှင့် ဘုရားသခင်၏အိမ်တော်ကို တည်ဆောက်ခြင်းအား ပြန်လည်ရယူခြင်းအပေါ်တွင် မူတည်နေသည် - ၁တိ၊၃း၁၅။ ၁ပေ၊၂း၅။

H. “ဤအိမ်ကို ဘုန်းနှင့် ငါပြည့်စုံစေမည် ... နောက်တည်သော ဤအိမ်တော်၏ဘုန်းသည် အရင်ထက် သာ၍ ကြီးလိမ့်မည်” – ဟဂ္ဂဲ၊၂း၇ခ၊ ၉က။

1. ဘုရားသခင်၏ဘုန်းတော်၊ ဘုရားသခင်၏ထင်ရှားခြင်းသည် ဘုရားသခင်၏တည်ဆောက်ခြင်း၊ ဘုရားသခင်၏အိမ်တော်၌ ရှိသည် - ထွ၊၄၀း၃၄-၃၅။ ၁ဘုရင်၊၈း၁၀-၁၁။ ၂ရာ၊၃း၁။ ၅း၁-၂၊ ၁၃-၁၄။ ဧ၊၃း၂၁။ ဗျာ၊၂၁း၁၀-၁၁။
2. ဘုရားသခင်၏ရူပါရုံ၌ ယေဇကျေလသည် ယေဟောဝါ၏ ဘုန်းတော်သည် ယေဟောဝါ၏ အိမ်တော်သို့ ပြန်လာ၍ အိမ်တော်ကို ဖြည့်ပေးကြောင်း မြင်ခဲ့သည် (ယေဇ၊၄၃း၁-၅)။ ယေဟောဝါ၏ဘုန်းတော်သည် အိမ်တော်သို့ ပြန်လာခြင်းမှာ အိမ်တော်ကို တည်ဆောက်ခြင်းသည် ပြီးစီးခဲ့ပြီဖြစ်သောကြောင့် ဖြစ်သည် (အငယ်၊၂၊ ၅)။ ဤသည်မှာ ဘုရားသခင်၏ဘုန်းတော်သည် အသင်းတော်၌ ကိန်းဝပ်တည်နေရန်အလို့ငှာ အသင်းတော်သည် ဘုရားသခင်၏ကိန်းဝပ်ရာနေရာဖြစ်လာရန် တည်ဆောက်ခြင်းရှိရမည်ဖြစ်ကြောင်း ရည်ညွှန်းသည် (ဧ၊၂း၂၁-၂၂။ ၃း၁၄-၂၁)။
3. ယေဇကျေလက အသက်ရေ၏မြစ်သည် ဘုရားသခင်၏အိမ်တော်မှ အရှေ့ဘက်သို့၊ ဘုရားသခင့်ဘုန်းတော်တည်နေရာသို့ စီးဆင်းသွားကြောင်း မြင်ခဲ့သည် (ယေဇ၊၄၇း၁။ ၄၃း၂)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းတော်ကို ဂရုစိုက်ခြင်းမရှိလျှင် ကျွန်ုပ်တို့၌ရှိသော စီးဆင်းခြင်းသည် အကန့်အသတ် ရှိနေလိမ့်မည်။
4. အသင်းတော်အသက်တာတွင် ကျွန်ုပ်တို့၌ရှိရမည့် ပထမဦးဆုံး စဉ်းစားချက်မှာ သခင်ဘုရား၏ဘုန်းတော်ဖြစ်သည်။ အသင်းတော်အသက်တာရှိ ဆုံးဖြတ်ချက်များသည် သခင်ဘုရား၏ဘုန်းတော်အတိုင်း အဓိက ဆုံးဖြတ်ရမည်ဖြစ်သည် - ဧ၊၃း၂၁။ ၄း၂၀။ ၁ပေ၊၄း၁၀-၁၁။ ယု၊၂၄-၂၅။
5. ဘုရားသခင်၏ဘုန်းထင်ရှားခြင်းသည် ကျွန်ုပ်တို့အစေခံခြင်း၏ ရည်ရွယ်ချက်ဖြစ်သည်။ ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ပေးအပ်နိုင်သည့် အမြင့်မားဆုံးသော အစေခံခြင်းမှာ ကျွန်ုပ်တို့က ဘုရား-လူအသက်တာကို အသက်ရှင်ခြင်းအားဖြင့် ဘုရားသခင်ကို ဘုန်းထင်ရှားစေခြင်းပင်ဖြစ်သည် (ဟေရှာ၊၄၃း၇။ ယော၊၇း၁၆-၁၈။ ၁၇း၁-၄။ ရော၊၉း၂၁၊ ၂၃။ ဖိ၊၁း၁၉-၂၁က။ ၁ကော၊၆း၁၉-၂၀။ ၁၀း၃၁)။ ဤသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်ကို စုပေါင်းထားသော၊ တည်ဆောက်ခြင်းရှိသောနည်းလမ်း၌ ထင်ရှား၍၊ ဘုရားဆိုင်ရာဘုန်းတော်၌ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်းအထဲသို့ ဝင်ရောက်သွားနိုင်ရန် ဖြစ်သည် (ယော၊၁၇း၂၂-၂၄)။

I. ယေဟောဝါက ဇေရုဗဗေလအား တံဆိပ်လက်စွပ်အဖြစ် ခန့်ထားခြင်းမှာ (ဟဂ္ဂဲ၊၂း၂၃) ယေဟောဝါသည် သူ့ကို ကိုယ်တော်၏ ကိုယ်စားပြုအဖြစ် မှတ်ယူပြီး၊ ကိုယ်တော်သည် သူ့ကို ချစ်ကာ၊ သူ့ကို စိတ်ချအားကိုးခဲ့ကြောင်း ညွှန်ပြနေသည်။ ဤအကြောင်းအရာ၌ ဇေရုဗဗေလသည် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်ပြီး၊ ကိုယ်တော်သည် ဘုရားသခင် ချစ်တော်မူကာ စိတ်ချအားကိုးသည့် အရှင်ဖြစ်သည် (မ၊၃း၁၇။ ၁၇း၅။ ယော၊၃း၃၅။ ၁၇း၂)။ ထိုသို့သော ပုဂ္ဂိုလ်အဖြစ် ခရစ်တော်သည် ဘုရားသခင်၏အိမ်တော်၊ အသင်းတော်ကို တည်ဆောက်ခြင်းအား ဂရုစိုက်ရန် အရည်အချင်းရှိလေသည် (မ၊၁၆း၁၈)။

**III. ဇာခရိစာစောင်သည် မီးခုံတိုင်၏ မီးခွက်ခုနစ်လုံး (၄း၂။ ဗျာ၊၄း၅) မှာ သုံးပါးတစ်ပါးဘုရား၏ အပြည့်အဝထင်ရှားခြင်းနှင့် ဘုရားသခင်၏အိမ်တော် ပြန်လည်တည်ဆောက်အတွက် ဘုရားသခင်၏ဝိညာဉ်တော်ခုနစ်ပါး၊ အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော် (၁း၄) အား ယေဟောဝါ၏မျက်စိခုနစ်လုံးအဖြစ် (ဇာ၊၄း၁၀)၊ ရွေးနုတ်သောသိုးသငယ်၏ မျက်စိခုနစ်လုံးအဖြစ် (ဗျာ၊ ၅း၆)၊ တည်ဆောက်ခြင်းကျောက်၏ မျက်စိခုနစ်လုံးအဖြစ် (ဇာ၊၃း၉) ဖွင့်ပြထားသည်။**

A. ဇာခရိ ၃း၉ ရှိ ယောရှုရှေ့တွင် ထားရှိသော ကျောက်သည် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ကျောက်အဖြစ် ခရစ်တော်ကို ပုံဆောင်သည် (ဆာ၊၁၁၈း၂၂။ မ၊၂၁း၄၂)။ ယေဟောဝါက ကျောက်ကို ထွင်းထုခြင်းမှာ ခရစ်တော်သည် ကားတိုင်ပေါ်မှာ အသေခံရသောအခါ ကိုယ်တော်သည် ဘုရားသခင်အားဖြင့် ထွင်းထုခြင်း၊ ဖြတ်တောက်ခြင်း ခံရကြောင်း ရည်ညွှန်းသည်။ ယေဟောဝါက ပြည်၏ဒုစရိုက်အပြစ်ကို တစ်နေ့ချင်းတွင် ပယ်ရှင်းမည်ဆိုသည်မှာ ဘုရားသခင်လုပ်ဆောင်တော်မူသော ခရစ်တော်သည် တစ်နေ့ချင်းတွင်၊ ကိုယ်တော်ကားတိုင်ပေါ်အသေခံသောနေ့တွင် အစ္စရေးပြည်၏ အပြစ်ကို ပယ်ရှင်းလိမ့်မည်ဖြစ်ကြောင်း ရည်ညွှန်းသည်။ ကားတိုင်ပေါ် အသေခံတော်မူခြင်းမှတစ်ဆင့် ဘုရားသခင်၏သိုးသငယ်ဖြစ်သော ခရစ်တော်သည် လောက၏အပြစ်ကို ဖယ်ရှားခဲ့သည် (၁ပေ၊၂း၂၄။ ယော၊၁း၂၉)။

1. ကျောက်၊ ယေဟောဝါနှင့် သိုးသငယ်တို့သည် တစ်ဦးတည်းဖြစ်သည်။ ခရစ်တော်သည် ရွေးနုတ်သောသိုးသငယ်နှင့် တည်ဆောက်သော ကျောက်ဖြစ်ကာ၊ ကိုယ်တော်သည် ယေဟောဝါလည်း ဖြစ်တော်မူသည်။ ခရစ်တော်သည် သိုးသငယ်-ကျောက် - ရွေးနုတ်ခြင်းအတွက် သိုးသငယ်နှင့် တည်ဆောက်ခြင်းအတွက် ကျောက် ဖြစ်တော်မူသည် - ဗျာ၊ ၅း၆။ ဇာ၊၃း၉။
2. ဘုရားသခင်၏တည်ဆောက်ခြင်း၌ ခရစ်တော်သည် တည်ဆောက်ခြင်းကို စွဲမြဲတည်စေရန် တိုက်မြစ်ကျောက်၊ ကိုယ်တော်ခန္ဓာတော်၏ တပါးအမျိုးသားနှင့် ဂျူးအင်္ဂါဝင်များကို အတူတကွ ပေါင်စည်းဆက်နွှယ်ပေးရန် တိုက်ထောင့်ကျောက်နှင့် ဘုရားသခင်၏တည်ဆောက်ခြင်း၌ အရာခပ်သိမ်းကို ပြီးမြောက်ပြည့်စုံစေရန် ကျေးဇူးတော်၏ အထွတ်ကျောက်ဖြစ်တော်မူသည် - ဟေရှာ၊၂၈း၁၆။ ၁ကော၊၃း၁၁။ ဧ၊၂း၂၀။ ၁ပေ၊၂း၆။ ဇာ၊၄း၇။
3. ဘုရားသခင်၏သိုးသငယ်ဖြစ်သော ခရစ်တော်သည် မျက်စိခုနစ်လုံးနှင့်အတူ တည်ဆောက်ခြင်းကျောက်ဖြစ်ခြင်းမှာ ခရစ်တော်၏မျက်စိခုနစ်လုံးသည် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက်ဖြစ်ကြောင်း ဖွင့်ပြနေသည် -ယော၊၁း၂၉။ ဇာ၊၃း၉။ ဗျာ၊၅း၆။
4. ခရစ်တော်သည် မျက်စိခုနစ်လုံး၊ ဝိညာဉ်တော်ခုနစ်ပါးနှင့်အတူ တည်ဆောက်ခြင်းကျောက်ဖြစ်ခြင်းမှာ ကျွန်ုပ်တို့ကို ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အဖိုးတန် တန်ဆာပလာများအဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲရန်အလို့ငှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဖြန့်ဖြူးပေးဖို့ဖြစ်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့ကို စိုက်ကြည့်တော်မူသောအခါ ကိုယ်တော်၏မျက်စိခုနစ်လုံးသည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဖြန့်ဖြူးပေးသည် - ဇာ၊၃း၉။ ၁ကော၊ ၃း၁၂က။ ဗျာ၊၃း၁။ ၅း၆။

B. ဘုရားသခင်၏ တည်ဆောက်ခြင်း ပြီးစီးခြင်းအတွက် အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်သည် ရွေးနုတ်သော သိုးသငယ်နှင့် တည်ဆောက်သောကျောက်အဖြစ် ခရစ်တော်၏ မျက်စိများဖြစ်ကာ၊ ကျွန်ုပ်တို့ကို စောင့်ကြည့်၍ ရှာဖွေရန်နှင့် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ခရစ်တော်၏အနှစ်သာရ၊ ကြွယ်ဝခြင်းများနှင့် ဝန်တာတို့ဖြင့် ကျွန်ုပ်တို့ကို ဖြည့်သွင်းပေး၍ ဖြန့်ဖြူးပေးရန် ဖြစ်သည် - ဇာ၊၃း၉။ ၄း၇။ ဗျာ၊၁း၁၄။ ၅း၆။

1. သိုးသငယ်၏ မျက်စိခုနစ်လုံးသည် တရားရေးဆိုင်ရာ ရွေးနုတ်ရှင်အဖြစ် ခရစ်တော်ဖြင့် ကျွန်ုပ်တို့ကို ဖြည့်သွင်းပေး၍၊ ကျောက်၏ မျက်စိခုနစ်လုံးသည် ကိုယ်တော့်တည်ဆောက်ခြင်း၏ ပန်းတိုင်အတွက် ကိုယ်တော်၏ တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းနှင့် အသက်ဆိုင်ရာကယ်တင်ခြင်းအားဖြင့် မြေကြီးပေါ် ဘုရားသခင်၏စီမံကိန်းဆိုင်ရာ လှုပ်ရှားခြင်းအဖို့ အသက်ဆိုင်ရာ ကယ်တင်ရှင်အဖြစ် ခရစ်တော်ဖြင့် ကျွန်ုပ်တို့ကို ဖြည့်သွင်းပေးသည် - ယော၊၁း၂၉။ တ၊၄း၁၁-၁၂။ ရော၊၅း၁၀။
2. ကျွန်ုပ်တို့အတွင်း၌ မီးခွက်နှစ်ခု - ကျွန်ုပ်တို့၏ဝိညာဉ်အတွင်း ဘုရားသခင်၏ အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော် ရှိသည် (သု၊၂၀း၂၇။ ဗျာ၊၄း၅။ ၁ကော၊၆း၁၇)။ ပုံသဏ္ဌာန်ပြောင်းလဲခြင်းရှိရန်အလို့ငှာ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ သခင်ဘုရားထံ အပြည့်အဝ ဖွင့်ပေးကာ၊ မီးခွက်ခုနစ်လုံး၏မီးဖြင့် ကျွန်ုပ်တို့စိတ်၏အခန်းများအားလုံးကို စစ်ဆေးရှာဖွေရန်၊ ကျွန်ုပ်တို့၏အတွင်းအစိတ်အပိုင်းများကို ထွန်းလင်းပေး၍ အလင်းပေးကာ အသက်ဖြင့် မစပေးရန် သခင်ဘုရား၏ မီးခွက်ကို အခွင့်ပေးရမည်ဖြစ်သည်။
3. ပုံသဏ္ဌာန်ပြောင်းလဲခြင်းကို အကြီးမားဆုံးပမာဏ တွေ့ကြုံခံစားသူမှာ သခင်ဘုရားထံသို့ အပြည့်အဝဖွင့်ပေးသောသူဖြစ်သည်။ ခရစ်တော်၏ ရှာဖွေသောယုံကြည်သူများအတွင်းရှိ အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်၏ ပြုပြင်

လုပ်ဆောင်ပေးခြင်းအားဖြင့် သူတို့သည် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေသော ခရစ်တော်ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန် အောင်မြင်သူများဖြစ်လာခြင်းငှာ အရှိန်မြှင့်တင်ခြင်း ခံရကြသည်။

C. ရှင်ပြန်ထမြောက်ခြင်း၌ နောက်ဆုံးသောအာဒံအဖြစ် ခရစ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာ၍ (၁၅း၄၅ခ)၊ အရှိန်အဟုန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်လည်း ဖြစ်လာခဲ့သည်။ ဤဝိညာဉ်တော်သည် အသက်၏ဝိညာဉ်တော်ဖြစ်သည် (ရော၊၈း၂)။ ထို့ကြောင့် ဝိညာဉ်တော်ခုနစ်ပါး၏ လုပ်ဆောင်ချက်သည် ဘုရားသခင်၏ထာဝရကိန်းဝပ်ရာနေရာ ယေရုရှလင်မြို့သစ်ကို တည်ဆောက်ခြင်းအတွက် ဘုရားသခင်၏လူများအထဲသို့ ဘုရားဆိုင်ရာအသက်ကို ဖြည့်သွင်းပေးရန်ဖြစ်သည်။

D. အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်သည် ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်း ပြီးမြောက်ပြည့်စုံဖို့အတွက် ရွှေမီးခုံတိုင်များကို ထုတ်လုပ်ရန် ကျွန်ုပ်တို့ကို လောင်ကျွမ်းပေးခြင်း၊ အလင်းပေးခြင်း၊ ထုတ်ဖော်ခြင်း၊ စစ်ဆေးရှာဖွေခြင်း၊ စီရင်ခြင်း၊ စင်ကြယ်စေခြင်းနှင့် သန့်စင်ခြင်းပြုမည့် မီးခွက်ခုနစ်လုံးဖြစ်သည် - ဗျာ၊၄း၅။ ၁း၂၊ ၄၊ ၉-၁၂၊ ၂၀။

E. မီးခုံတိုင်ဘေးနှစ်ဖက်ရှိ သံလွင်ပင်နှစ်ပင်မှာ ထိုအချိန်က ယဇ်ပုရောဟိတ်မင်းကြီး ယောရှုနှင့် မြို့ဝန်ဇေရုဗဗေလတို့ကို ပုံဆောင်ပြီး၊ သူတို့သည် ဆီ၏သားနှစ်ဦးဖြစ်ကာ၊ ဘုရားသခင်၏ဗိမာန်တော် ပြန်လည်တည်ဆောက်ခြင်းအတွက် ယေဟောဝါ၏ဝိညာဉ်တော်ဖြင့် ပြည့်ဝခြင်းရှိခဲ့ကြသည် - ဇာ၊၄း၁-၆၊ ၁၁-၁၄။

1. ဆီ၏သားနှစ်ဦးမှာ မျက်မှောက်ခေတ်၏ နောက်ဆုံးသုံးနှစ်ခွဲကာလတွင် သက်သေခံနှစ်ပါးဖြစ်သည့် မောရှေနှင့် ဧလိယကိုလည်း ပုံဆောင်ပြီး၊ သူတို့သည် ဘုရားသခင်၏လူများ - အစ္စရေးလူများနှင့် ခရစ်တော်၌ ယုံကြည်သူများအား ခွန်အားခိုင်ခံ့မြဲမြံစေရန် ဘေးဒဏ်ကြီးကာလ ဘုရားသခင်၏သက်သေခံများဖြစ်ကြလိမ့်မည် - ဗျာ၊၁၁း၃-၁၂။ ၁၂း၁၇။

2. မူအလေ့အလာ၌ ခရစ်တော်၌ ယုံကြည်သူများအားလုံးသည် လန်းဆန်းသောဆီ၏သားများ၊ လန်းဆန်းသော၊ လက်ရှိဖြစ်သော၊ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်အား ဝမ်းမြောက်ခြင်းဆီအဖြစ် ဖြည့်ခြင်းခံသူများဖြစ်ကြရမည်၊ ယင်းမှာ ထွန်းလင်းသော သက်သေခံချက်၊ ယေရှု၏သက်သေခံချက်အတတွက် မီးခုံတိုင်အထဲသို့ ဝိညာဉ်တော်ကို စီးထွက်ရန်ဖြစ်သည် - ၁း၁၂၊ ၂၀။ ဆာ၊၄၅း၇။ ၄၆း၄။ ၉၂း၁၀။ ယော၊၇း၃၈။

   a. မီးခုံတိုင်အဖြစ် အသင်းတော်သည် ဘုရားဆိုင်ရာ သဘောသဘာဝ၌ ဘုရားသခင်၏ဆီအဖြစ် အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်နှင့်အတူ သုံးပါးတစ်ပါးဘုရား၏ ခိုင်မာကျစ်လစ်သည့် ကိုယ်ထင်ရှားခြင်းဖြစ်သည်။

   b. ဆီကိုယ်တိုင်သည် ရွှေဖြစ်သည် (ဇာ၊၄း၁၂)၊ ယင်းမှာ ရွှေသည် ဆီအဖြစ် စီးဆင်းနေကြောင်း ဆိုလိုသည်။ ဆီသည် မီးခုံတိုင်အထဲသို့ များများ ပေါင်းထည့်ခြင်းရှိလေလေ၊ ယင်းမှာ ရွှေကို များများပေါင်းထည့်ခြင်းကို ဆိုလိုသည်။

   c. တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ရွှေကို ပို၍ရရှိရန်၊ ဘုရားဆိုင်ရာသဘောသဘာဝ၌ ဘုရားသခင်ကို ပို၍ရရှိရန် အဖိုးအခပေးဖို့ လိုအပ်သည်၊သို့မှသာ ကျွန်ုပ်တို့သည် ရွှေယေရုရှလင်မြို့သစ်တည်ဆောက်ခြင်းအတွက် စင်ကြယ်သော ရွှေမီးခုံတိုင်ဖြစ်လာနိုင်ပေမည် - ၂ပေ၊၁း၄။ ၃း၁၈။ ၁း၂၀။ ၂၁း၁၈။ မ၊၂၅း၈-၉။

   d. ဤအကြောင်းအရာကို ယနေ့ ကျွန်ုပ်တို့၏အတွေ့အကြုံသို့ ယူဆောင်သောအခါ ကျွန်ုပ်တို့မှ စီးထွက်သော ဝိညာဉ်တော်သည် ဘုရားသခင်ဖြစ်ပြီး၊ ဘုရားသခင်သည် ရွှေဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို အခြားသူများထံ အမှုဆောင်ပေးခြင်း၊ သူတို့ကို ဆီဖြင့် မစပေးခြင်းရှိသောအခါ အမှန်မှာ ကျွန်ုပ်တို့သည် သူတို့ကို ဘုရားသခင်ဖြင့် မစပေးနေခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ထဲမှ သူတို့အထဲသို့ စီးထွက်နေခြင်းဖြစ်သည် - ဇာ၊၄း၁၂-၁၄။ ယော၊၇း၃၇-၃၉။ ၂ကော၊၃း၃၊ ၆၊ ၈။

   e. ကျွန်ုပ်တို့အားလုံးသည် သံလွင်ပင်များဖြစ်သင့်သည်၊ ကျွန်ုပ်တို့ကိုယ်တိုင်ထဲမှ ဘုရားသခင်ကို အခြားသူများအထဲသို့ သွန်းလောင်းပေးရမည်။ ဤနည်းလမ်း၌ ဆီသည် ဘုရားသခင်ကို စီးဆင်းစေသော သံလွင်ပင်များဖြစ်ကြသည့် သူများအားဖြင့် လိုအပ်သောသူများထံ မစပေးဝေခြင်း ရှိလိမ့်မည်ဖြစ်သည် - ရော၊၁၁း၁၇။ လု၊၁၀း၃၄။ ညွှန်း၊ ယော၊၇း၃၇-၃၉။

© 2022 Living Stream Ministry